တံခွန်တိုင်
စာပေတိုက်

# နှင်းယားယား

(ဆေးတက္ကသိုလ်)

ရွှေလိုလူ

ပန်းချီ သိန်းရွှေကြည်
2016

‘ဘဝဆိုတာ...

ပင်လယ်ပြင်မှာ အေးအေးလူလူ သဘောစီးရင်း...

လေပြည်လေညင်းကလေး ခံနေတုန်း...

ဝုန်းခနဲ...မုန်တိုင်းထန်ပြီး...

သဘောမှောက်တာမျိုးလည်း ကြုံချင်ကြုံမှာ ပဲ...။

အဲ့ဒီအချိန်မှာ ...

ရှင်သန်ဖို့ ရုန်းကန်ရတာက... အောင်မြင်မှုပဲ...။

စိန်ခေါ်မှုတစ်ခု...အန္တရာယ်တစ်ခုက...

မင်းကို သေအောင်မသတ်နိုင်ဘူးဆိုရင်...

မင်း...ပိုပြီး သန်စွမ်းလာမှာ ပဲ...

အဲ့ဒါ အောင်မြင်မှုပဲ...။

ကိုယ့်အတွက်တော့...အောင်မြင်မှုဆိုတာ...

ရှုံးနိမ့်မှုကို တန်ပြန်ထိုးစစ်ဆင်ပြီး...

ပြန်လည်ရယူရတဲ့ ကိုယ့်ရဲ့ ဂုဏ်သိက္ခာပဲ...’

ဦးနေသန်

‘ကျွန်တော်ဟာ...

စွန့်ပစ်ခံလိုက်ရတဲ့ အမှိုက်ထဲကနေ

Recycle ပြန်လုပ်ရင်း…

သက်ဝင်တန်ဖိုးရှိလာတဲ့

ရွှေတိုရွှေစ တစ်စဆိုရင်…

ဦး...ကျွန်တော့်ကို

ဘယ်လို တန်ဖိုးသတ်မှတ်မှာ လဲ…။’

ရဲရင့်ရင်ဆိုင်

* * *

# အပိုင်း(၁)

## အခန်း (၁)

ခုအချိန်မှာ ...သူ အမုန်းဆုံးသောအရာကို ပြပါဆိုလျှင်...ရတ်တရက် သိမ်မွေ့နူးညံ့စွာ လှုပ်ခုန်နေသော သူ့ရဲ့ နှလုံးသားကိုပင် ဆွဲထုတ်ပြမိပေလိမ့်မည်။ ဟုတ်သည် ...။ သူ ရင်တွေခုန်လွန်းနေတာကို သူ့ဘာသာသူပင် ပြန်သတိထားနေမိရသည် အထိ သိသာလွန်းနေသည် ...။ ဘာဖြစ်လို့ ဒီရင်က ဒီလောက်တောင် ဣန္ဒြေမဆည်နိုင်ရတာလဲကွာ....။ တကယ်ဆိုလျှင်...သူက အဲ့ဒီလူတစ်ယောက်ရဲ့ ရှေ့မှောက်မှာ တည်တည်ငြိမ်ငြိမ်... ဣန္ဒြေရရ ဖြစ်နေချင်တာလေ။ သူဟာ...လူတကာက လေးစားအားကျအထင်ကြီးရတဲ့ လူတစ်ယောက်ရဲ့ အရှိန်အဝါအောက်မှာ သိုးငယ်လေးတစ်ကောင် မဖြစ်ချင်ပါ...။ သူသည် သူ့အရှိန်အဝါနှင့် သူ...သူ့အောင်မြင်မှုနှင့်သူ ... သူ့ရပ်တည်မှုနှင့်သူ...ရဲရင့်ထက်မြက်သော ခြသေ့်တစ်ကောင်လိုသာ ရင်ဆိုင်လိုပါသည် ...။ ဟုတ်တယ်လေ...။ သူဟာ ...ရဲရင့်ရင်ဆိုင်ပဲ...။ လူငယ်ထုကြားမှာ ရေပန်းစားကျော်ကြားနေတဲ့ အောင်မြင်တဲ့ Interviewer တစ်ယောက်လေ...။ နိုင်ငံရေးနယ်ပယ်...စီးပွားရေးနယ်ပယ်နဲ့ အနုပညာလောကမှာ ...ထိပ်ဆုံးရောက်အောင်မြင်နေတဲ့ လူတွေ တော်တော်များကို အင်တာဗျူးခဲ့သော သူ့ရဲ့ အင်တာဗျူးပရိုဂရမ်တိုင်း လူစိတ်ဝင်စားကာ အောင်မြင်ခဲ့ကြသည် ချည်းပင်...။ ထိုအင်တာဗျူးတွေကြောင့်လည်း သူ့ရဲ့ ကျော်ကြားမှုက တရိပ်ရိပ် မြင့်တက်လာခဲ့ခြင်းဖြစ်သည် ....။ ခုတော့( )မှာ ... သူ့ရဲ့ အင်တာဗျူးပရိုဂရမ်

က လူစောင့်ကြည့်ရသော ...မပါမဖြစ် ပရိဂရမ်တစ်ခုဖြစ်ခဲ့ရပြီ...။ အဲဒီတော့ ...သူ့မှာ ပို၍ တာဝန်ကြီးလေးလာခဲ့တာကိုလည်း ...သူ ကျေနပ်ဂုဏ်စွာပင် တာဝန်ယူခဲ့သည် ...။ သူ့အလုပ်နှင့် ပတ်သက်လာလျှင် သူ ဘယ်တော့မှ ညည်းညူတွန့်ဆုတ်လေ့မရှိ...။ အစဉ်အမြဲ ဖျတ်လတ်တက်ကြွ ထက်သန်နေခဲ့သည် ချည်းပင်...။ အခုလည်း ...သူ တက်ကြွထက်သန်နေခဲ့တာပါပဲ...။ တစ်ခုပဲ ပိုလာသည် မှာ စိတ်လှုပ်ရှားရင်ခုန်နေခြင်း...။ သူ ဘာကြောင့် ဒီလောက်စိတ်လှုပ်ရှားရင်ခုန်နေရပါသလဲ...။ အဖြေက ရိုးရှင်းပါသည် ...။ ဒီနေ့ကို သူ ရင်ခုန်စွာ မျှော်လင့်စောင့်စားခဲ့ရသည် မှာ ဘယ်လောက်တောင် ကြာခဲ့ပြီလဲ...။ နှစ်တွေများ စွာ စောင့်ခဲ့ရသည် လေ...။ ဒီအချိန်... ဒီလိုပုံစံ တွေ့ဆုံမှုမျိုးနှင့် ပြန်ဆုံတွေ့ကြဖို့ ... သူ့ဘက်ကချည်း တစ်ဖက်သတ် ပြင်ဆင်မျှော်လင့်ခဲ့ရသည် မှာ နှစ်ပေါင်းများ စွာ...။ အခုတော့...သူ ရင်အဆိုင်ချင်ဆုံးနေ့ကို ရောက်လာခဲ့ပါပြီ...။

ဂေါ့(ဖ်)ကွင်းတစ်ခုလုံး...စိမ်းလန်းအေးမြကာ ငြိမ်းချမ်းနေသည် ...။ ဂေါ့(ဖ်) ကစားနေသော ...လူကြီးတချို့လည်း ရှိနေသည် ...။ သူက သူ့ရဲ့ အင်တာဗျူးတိုင်းကို ရုံးခန်းမှာ ...ဒါမှ မဟုတ်...စတူဒီယိုထဲက ဆိုဖာခုံတန်းတွေမှာ ထိုင်ပြီး တွေ့ဆုံရခြင်းထက်...အနည်းငယ် ပို၍ ဆန်းသစ်ပေါ့ပါးစေလိုသောကြောင့် ဦးနေသန်ဂေါ့(ဖ်)ရိုက်နေကျ ဂေါ့(ဖ်)ကွင်းကို တမင်ရွေးချယ်ခဲ့ခြင်းဖြစ်သည် ...။ သူနဲ့ အတူ ကဲန်မရာအဖွဲ့လည်း အဆင်သင့်ပါလာခဲ့ပြီ...။ ဟော...သူ ရင်မဆိုင်ချင်ဆုံး မျက်နှာတစ်ခုကို လှမ်းမြင်နေရပါပြီ...။ မြန်မာပြည်ရဲ့ အကျော်ကြားဆုံးနဲ့ အချမ်းသားဆုံး စာရင်းဝင်ခရိုနီတစ်ယောက်...။ မြန်မာပြည်ရဲ့ စီးပွားရေးနယ်ပယ်လုပ်ငန်း တော်တော်များများကို လက်ဝါးကြီးအုပ်၊ လွှမ်းမိုးပိုင်ဆိုင်ထားသူတစ်ယောက်...။ ဘဏ်လုပ်ငန်း...ဟိုတယ်လုပ်ငန်းနှင့် ဆောက်လုပ်

ရေးလုပ်ငန်း တော်တော်များများ ပိုင်ဆိုင်ထားသည့်အပြင်...တခြား စီးပွားရေးလုပ်ငန်းများ စွာမှာ လည်း ...လက်ညှိုးထိုးမလွဲ ဦးနေသန်နာမည်နှင့် ပိုင်ဆိုင်တာတွေ များ လွန်းလှသည် ...။ အဲဒီလောက် ကြီးကျယ်ခမ်းနားလွန်းသော ခရိုနီတစ်ယောက်နှင့် အင်တာဗျူးခွင့်ရဖို့ အခွင့်အရေးကို သူ လွယ်လွယ်ကူကူနှင့်တော့ ရခဲ့တာ မဟုတ်...။ အကြိမ်ပေါင်းများစွာ ဖွဲနပဲကြီးစွာ ကြိုးစားခဲ့ရခြင်းဖြစ်သည် ...။ နောက်ဆုံးမှ ...ဒီအခွင့်အရေးကို အင်တင်တင်ဖြင့် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည် ...။ အချိန်ကလည်း ကန့်သတ်ထားလိုက်သေးသည် ...။ ဆယ့်ငါးမိနစ်ကလေးပင် မစွန်းစေရတဲ့ ...။

"မင်္ဂလာပါ ဦး..."

"အေး...မင်္ဂလာပါ...ကဲ...စ,တော့မလား..."

ဦးနေသန်က လက်မှ နာရီကို တစ်ချက်မြှောက်ကြည့်ရင်း ပြောသည် ... ။ သူ...ထိုမျက်နှာကို တစ်ချက်မျှ စူးစိုက်ရှည်ကြာစွာ ငေးမောမိသွားခဲ့သည် ...။ ရင်ခုန်ခြင်းလည်း တခဏမျှ ရပ်တန့် တိတ်ဆိတ်လို့ သွားခဲ့သည် ။ ရင်ထဲမှာ အားကောင်းပြင်းထန်လာသော ခံစားချက်တစ်ခုက နင့်သည်းစူးရှလွန်းသဖြင့်...သူ အံတစ်ချက် ခိုးကြိတ်လိုက်မိသည် အထိ သူ့ကိုယ်သူ မထိန်းချုပ်နိုင်ခဲ့...။ အဲဒီခံစားချက်ဟာ...နာကြည်းမှုလား... အမျက်ဒေါသလား...အာဃာတလား...သူ သေချာ မခွဲခြားနိုင်ပါ...။ အဲဒီ သုံးမျိုးစလုံး ပေါင်းစပ်ထားတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည် ...။ ပြီးတော့ မေးခွန်းများ စွာလည်း ...ရင်အနှံ့အပြားမှာ ပြည့်သိပ် ကျပ်ပိတ်လျက် ရှိသည် ...။

သူ ပြန်ပြုံးပြလိုက်သော အပြုံးမှာ နာကြည်းရိပ်တွေ စွန်းထင်းမနေလောက်ဘူးထင်တာပဲ...။

“ဟုတ်ကဲ့…စ,လိုက်ကြရအောင် ဦး…။

အခုလို ဦးရဲ့ တန်ဖိုးရှိလွန်းတဲ့ အချိန်တွေကို ကျွန်တော့်အတွက် မျှဝေပေးတာ ကျေးဇူးတင်ပါတယ်”

“လူငယ်တစ်ယောက်အတွက် ကိုယ်ပေးသင့်တဲ့ လက်ဆောင်တစ်ခု ဆိုပါတော့ကွာ…”

“ကျွန်တော် အခု အင်တာဗျူးမယ့်မေးခွန်းတွေမှာ …ဦးရဲ့ စီးပွားရေး လုပ်ငန်းတွေ အကြောင်း…ဒီလိုဘဝမျိုးရောက်အောင် ဘာတွေ ပေးဆပ် ရင်းနှီးမြှုပ်နှံခဲ့ရသလဲဆိုတဲ့ အကြောင်းတွေ… မပါ,ပါဘူးဦး…။ လူငယ် တွေအတွက် …စိတ်ဓာတ်ခွန်အားဖြစ်စေမယ့်…ဦးရဲ့ ဒဿနလေးတွေ …အတွေးအခေါ်…အယူအဆလေးတွေကိုပဲ မေးချင်တာပါ…”

“အင်း…ဟုတ်ပြီ”

“အောင်မြင်တဲ့ ဘဝတစ်ခုဆိုတာကို…ဦးဘယ်လို ဖွင့်ဆိုပါသလဲ?”

ထိုမေးခွန်းကို သူ ဦးနေသန့်ရဲ့ မျက်ဝန်းတွေထဲ စူစူးစိုက်စိုက်ကြည့်ပြီး မေးလိုက်ခြင်းဖြစ်သည် …။ ငွေကြေးဥစ္စာ… စည်းစိမ်ချမ်းသာ… ဩဇာအာဏာ… အရှိန်အဝါ …ဂုဏ်သိက္ခာ …ကျော်ဇော်ထင်ရှားမှုတွေဟာ…အောင်မြင်တဲ့ ဘဝတစ်ခုကို တိုင်းတာသတ်မှတ်လို့ ရတဲ့ စံနှုန်းတွေမှ မဟုတ်တာ…။ ကဲ…ဦး ဘယ်လိုဖြေမလဲ…။ နောင်တကင်းကင်း…လိပ်ပြာလုံလုံ နေထိုင်ခွင့်ရတဲ့ ဘဝလို့ များ ဦး ဖြေမလား…။ ကိုယ်ကျိုးအတွက် မဟုတ်ဘဲ… အများကောင်းကျိုးအတွက် ကြိုးစားအားထုတ်နေတဲ့ ဘဝ…လို့ လည်း ဦး ဖြေမယ်မထင်ပါဘူး…။

“ကိုယ့်အတွက်တော့…အောင်မြင်တဲ့ ဘဝတစ်ခုဆိုတာ… ကိုယ်ဖြတ်သန်းခဲ့တဲ့ မိုင်တိုင်တွေထဲက…ဘယ်နှကြိမ် လဲပြိုရှုံးနိမ့်ခဲ့သလဲ

…အဲဒီ ရှုံးနိမ့်လဲပြိုမှုကို …ဘယ်လို ဖောက်ထွက် ရှင်သန်ခဲ့သလဲ ဆိုတဲ့ ပုံစံနဲ့ တိုင်းတာလေ့ရှိတယ်…။

ကိုယ် လုပ်သမျှဖြစ်တယ်… အောင်မြင်တယ်ဆိုတာကို…အောင်မြင်မှုလို့ ကိုယ်မသတ်မှတ်ချင်ဘူး…။ ဘဝဆိုတာ… ပင်လယ်ပြင်မှာ …အေးအေးလူလူ သင်္ဘောစီးရင်း လေပြည်လေညင်းကလေး ခံနေတုန်းဝုန်းခနဲ မုန်တိုင်းထန်ပြီး…သင်္ဘောမှောက်တာမျိုးလည်း ကြုံချင် ကြုံမှာ ပဲ…။ အဲဒီအချိန်မှာ ရှင်သန်ဖို့ ရုန်းကန်ရတာက…အောင်မြင်မှုပဲ…။ စိန်ခေါ်မှုတစ်ခု အန္တရာယ်တစ်ခုက မင်းကို သေအောင်မသတ်နိုင်ဘူးဆိုရင် မင်း ပိုပြီး သန်စွမ်းလာမှာ ပဲ…အဲဒါ အောင်မြင်မှုပဲ…။ ချော့မွေ့ သာယာဖြောင့်ဖြူးတဲ့ လမ်းတစ်ခုမှာ လမ်းလျှောက်သွားနေတုန်း…မထင်မှတ်ဘဲ ဖြုန်းဆို မင်း ချောက်ထဲပြုတ်ကျချင် ကျသွားနိုင်တာပဲ…။ အဲဒီ ချောက်ထဲကနေ အပေါ်ကို ရောက်အောင်…ကျားကုတ်ကျားခဲ ရုန်းကန်တိုးတက်ပြီး အပေါ်ပြန်တက်နိုင်ရင် အဲဒါ အောင်မြင်မှုပဲ….။ မင်း ရှင်းရဲ့ လား မသိဘူး…
”

“ကိုယ့်အတွက်တော့ အောင်မြင်မှုဆိုတာ ရှုံးနိမ့်မှုကို တန်ပြန်ထိုးစစ်ဆင်ပြီး …ပြန်လည်ရယူရတဲ့ ကိုယ့်ရဲ့ ဂုဏ်သိက္ခာပဲ…”

သူ မျှော်လင့်မထားသော ထိုအဖြေအတွက်… သူ အနည်းငယ်တော့ ကျေနပ်သွားပါသည် …။

“ဟုတ်ကဲ့… လေးစားပါတယ် ဦး…။

နောက်ထပ် မေးချင်တာလေးတစ်ခုက… လောကမှာ …တစ်ခုခုကို ရယူ ပိုင်ဆိုင်ခွင့်ရဖို့ အတွက်…တန်ရာတန်ရာ ထိုက်တန်တဲ့ တစ်ခုခုကို ပေးဆပ်ရမယ်ဆိုတဲ့ လောကရဲ့ နိယာမကို…ဦး လက်ခံပါသလား? … အဲဒီလိုအဖြစ်မျိုးကိုရော ဦးရဲ့ ဘဝမှာ ကြုံခဲ့ဖူးပါသလား…လက်တွေ့ကျ

င့်သုံးခဲ့ဖူးပါသလား...ဦး...”

သူ့မေးခွန်းကြောင့် ဦးနေသန်က မျက်မှောက်တစ်ချက်ကြုတ်လိုက်ရင်း...သူ့ကို ဖျတ်ခနဲ တစ်ချက် လှမ်း၍ ကြည့်လိုက်ပါသည် ...။ သူက မျက်လုံးမလွှဲဘဲ ဦးနေသန်ကို ခပ်စိုက်စိုက်ပဲ ကြည့်နေခဲ့သည် ...။

“အင်းလေ...အပေးအယူပေါ့...။ အပေးအယူဆိုတာ စီးပွားရေးလောကမှာ အတွင် ကျယ်ဆုံး လက်နက်တစ်ခုပဲဥစ္စာ...။ ကျွမ်းကျင်ပါးနပ်သူတွေတိုင်း အပေးအယူဆိုတဲ့ အဓိပ္ပာယ်ကို ကောင်းကောင်း နားလည် သဘောပေါက်ကြတယ်လေ...။ ကိုယ့်အတွက်ကတော့ တစ်ခုပဲ...ကိုယ်ပေးလိုက်ရတဲ့ အရာအပေါ်...နောင်တ ဘယ်တော့မှ မရတတ်သလို...ကိုယ်ရယူမယ့်အရာကိုလည်း ...အမြဲ ပြတ်ပြတ်သားသား ရယူတတ်တယ်...ကိုယ် ဘာလိုချင်သလဲဆိုတာ ကိုယ်သိဖို့ က ဘဝမှာ အရေးကြီးဆုံးပဲ...။ ဘဝမှာ ကိုယ်လိုချင်တာရဖို့ အတွက် စွန့်လွှတ်သင့်တာကိုလည်း ခပ်ရဲရဲ စွန့်လွှတ်တတ်ရလိမ့်မယ်.....။ အဲဒီအတွက် ဘယ်တော့မှ နောင်တ မရစေနဲ့ ”

ဩော်...။ အဲဒီလိုလား...။ ပြတ်သားလှချည်လား ဦးရယ်...။ ဒါပေမယ့် တစ်ခုတော့ ရှိတာပေါ့...။ ကိုယ်လိုချင်တာရဖို့ အတွက်...ပြတ်သားစွာ စွန့်လွှတ်လိုက်တဲ အရာဟာ...လူတစ်ယောက်ရဲ့ ဘဝတော့ ဘယ်လိုမှ မဖြစ်သင့်ဘူး ဦး...။ အဲဒီဘဝတစ်ခုမှာ ...ဒဏ်ရာအနာတရတွေ ဗရပွနဲ့ ပိုမဖြစ်သင့်ဘူးပေါ့ဗျာ...။ သူ့မျက်လုံးတွေက...နာကြည်းမှုကြောင့် ပို၍ အရောင်တောက်ပစူးရှသွားခဲ့ကာ... သူ့နှုတ်ခမ်းတစ်စုံက သရော်မော်ကားစွာ ပြုံးလိုက်မိသည် ...။

“ဒါနဲ့ ဦး... စွန့်ပစ်လိုက်တဲ့ အမှိုက်တွေထဲကနေ ရွှေဖြစ်နိုင်တယ် ဆိုတာကိုရော... ဦး လက်ခံရဲ့ လား...”

"လက်ခံတာပေါ့ကွာ...Recycle ဆိုတဲ့ ဝေါဟာရဟာ… ကိုယ် စိတ်အဝင်စားဆုံး စကားလုံးပေါ့...။ လူတွေက အသုံးမဝင်တော့လို့ လွှင့်ပစ်လိုက်တဲ့ …အမှိုက်သရိုက်တွေကို Recycle ပြန်လုပ်လိုက်တဲ့ အခါ လူတွေကို အကျိုးပြုမယ့် အသုံးဝင်ပစ္စည်းတွေ ပြန်ထွက်လာတတ်တာပဲ...အသုံးချတတ်ဖို့ ပဲ လိုတာပါ…"

သူ ခြောက်သွေ့သွားသော နှုတ်ခမ်းတွေကို လျှာနှင့် အနည်းငယ် သပ်လိုက်မိသည် …။ ကျွန်တော်ဟာ…စွန့်ပစ်ခံလိုက်ရတဲ့ အမှိုက်ထဲကနေ Recycle ပြန်လုပ်ရင်း သက်ဝင်တန်ဖိုးရှိလာတဲ့ ရွှေတိုရွှေစ တစ်စဆိုရင်…ဦး ကျွန်တော့်ကို ဘယ်လိုတန်ဖိုးသတ်မှတ်မလဲ? ။ ထိုမေးခွန်းကို သူ မမေးဖြစ်ခဲ့ပါ…။ ဆက်ပြီး မေးချင်စိတ်လည်း မရှိတော့ပါ…။ အခုချိန်မှာ … သူ အလုပ်ချင်ဆုံးသော အလုပ်တစ်ခုက…အော်ဟစ်ပေါက်ကွဲပစ်လိုက်ချင်တာပဲ ဖြစ်သည် … ။ ဦးရဲ့ မျက်နှာဆီ မေးခွန်းတွေတရစပ် လက်သီးချက်တွေသဖွယ်… မရပ်မနား ပစ်သွင်းချင်နေခဲ့သဖြင့်…သူ့စိတ်သူ တားမနိုင်ဆီးမရ၊ မထိန်းနိုင် မသိမ်းနိုင် မဖြစ်ခင်…လျှင်မြန်စွာပဲ နောက်ဆုတ်ပစ်လိုက်ချင်သည် …။ သူ့စိတ်တွေ တော်တော်ပင်ပန်းလွန်းလှပြီ...။ ရင်တစ်ခုလုံးလည်း နာကျင်မှုတွေ အလိမ်းလိမ်း…။ ပြီးတော့ အများ တကာကြည့်မည့် ပရိဂရမ်တစ်ခုမှာ …သူ့ရဲ့ ကိုယ်ရေးကိုယ်တာ နာကြည်းချက်တွေ ဒဏ်ရာအနာတရတွေ မပါဝင်စေချင်…။ လုံလောက်ပါပြီ… ။ ဤမျှ တွေ့ခွင့်ရလိုက်သော အခွင့်အရေးအတွက် ကံကြမ္မာကို သူ ကျေးဇူးတင်လိုက်ပါမည်။

"ကျေးဇူးတင်ပါတယ် ဦး…။ ဦးက ဆယ့်ငါးမိနစ်ပေးထားခဲ့ပေမယ့် …ကျွန်တော် ဆယ်မိနစ်ပဲ ယူပါတယ်…။ ကျွန်တော် ဒီ အင်တာဗျူးကို မလွှင့်ခင် edit လုပ်ပြီးတာနဲ့ ဦးဆီ တစ်ခါလာပြပါမယ်… ဦး သဘောတူခွင့်ပြုပြီဆိုမှ လွှင့်မှာ ပါ…။ ခုလို အချိန်ပေးခဲ့တဲ့ အတွက် ကျေးဇူးပါ ဦး

...။ ကျွန်တော်တို့ ထပ်တွေ့ဖို့ မျှော်လင့်ပါတယ်...”

သူ ယဉ်ကျေးစွာ ပြုံး၍ နှုတ်ဆက်လိုက်သည် ...။ သူ့ရဲ့ ကျော်ကြား လှသော မျက်လုံးစူးစူးနက်နက်များ ဖြင့် ကြည့်ကာ... ထိမထင် နှုတ်ခမ်းများ ကော့ညွတ်လျက် ပြုံးပြခဲ့သည် ...။ ဦးရဲ့ အကြည့်က သာမန်ထက်မပို...။ TV Channel တစ်ခုမှာ နာမည်ကြီးသော အင်တာဗျူးသမား လူငယ်ကလေးတစ်ယောက်ထက်ပိုပြီး...ဦး ဘာမှ မသိ...။ အဲဒီလို မသိတာပဲ သူ့အတွက် အားသာချက်ဖြစ်ခဲ့သည် ....။ လူတစ်ယောက်ဟာ သူ မလိုချင်လို့ စွန့်ပစ်ခဲ့သော အမှိုက်တစ်စ,ကို မှတ်မိနေဖို့ မှ မလိုအပ်တာ...။ သို့သော်...ထိုအမှိုက်သည် ...ရွှေတစ်စ ဖြစ်လာခဲ့သည် ကိုတော့... ဦး မကြာခင်မှာ တစ်စတစ်စ သိနားလည်လာရလိမ့်မည်...။ ပြီးတော့ ထိုရွှေတစ်စ၏ လက်စားချေခြင်းကိုလည်း ... ဦး လှပစွာ ခံယူရပေလိမ့်ဦးမည်...။ အဘယ်ကြောင့် ဆိုသော် ... သူက နာကြည်းညှိုးမျက်တတ်သောကြောင့် ဖြစ်သည် ...။ ရဲရင့်ရင်ဆိုင်...သည် ဘဝကို ဘယ်လို ခက်ခဲပင်ပန်းစွာ ရုန်းကန်ဖောက်ထွက်လာခဲ့ရသည် ဆိုတာတွေကို ... ဦး သိဖို့ လိုသည် ...။ ပြီးတော့ ဦး နောင်တရဖို့ လည်း လိုအပ်သေးသည် ပင်...။

ဒီ အင်တာဗျူးသည် ... ဦးနှင့် သူ့ရဲ့ ပထမဆုံး စဖွင့်သော အဖွင့်စာမျက်နှာပင် ဖြစ်တော့သည် ...။

*

“ကိုဆိုင်...အဆင်ပြေရဲ့ လား...”

ကဲန်မရာမဲန်း ညီသွေးက... သူ့မျက်နှာပေါ်မှ ...အရိပ်အကဲ... အပြောင်းအလဲများ စွာတို့ ကို ...အကဲခတ် ခံစားမိသလို သူ့ကို လှမ်းကြ

ည့်ရင်းမေး၏ …။ သူ့မျက်နှာပြင်တွေ တစ်ပြင်လုံး…ရုတ်တရက် အဖျား သွေးတက်လာသလို ပူလောင် ရှိန်းမြနေသောကြောင့်…ထိုမျက်နှာသည် နီမြန်းကာ သွေးရောင်လွှမ်းနေမှာ ကို… မှန်ထဲက တကူးတက လှမ်းကြ ည့်နေဖို့ မလိုပါ…။ သူ့မျက်ဝန်းတွေကရော…။ နာကျင်ကြေကွဲမှု… နာကြည်းဒေါသတို့ ဖြင့် ခြောက်သွေ့လွန်းသဖြင့် …မကြာခဏ လျှာဖြင့် သပ်မိနေသည် …။ ရင်ထဲမှာ လည်း ပူလောင်ကျွမ်းမြေ့ရှိလှကာ…နှလုံးခု န်က ခုထိ မြန်ဆန်တုန်း…”

“အဆင်ပြေပါတယ်…ဘာဖြစ်လို့ လဲ…”

“ဪ…ကိုဆိုင်မျက်နှာမှာ …တစ်ခုခုကို ထိခိုက် ခံစားနေရသလိုများ ဖြစ်နေသလားလို့ …ခါတိုင်းလို မဟုတ်ဘူး လေ… ခါတိုင်းဆို…ကိုဆိုင် ပြုံးရွှင်ပြီး ဖျတ်လတ်တက်ကြွနေတာပဲ…။ အခု မျ က်နှာထားကိုက တစ်ခုခု ဖြစ်နေတယ်လို့ ထင်တယ်…”

“မဟုတ်ပါဘူးကွာ…မင်း စိတ်ထင်လို့ ဖြစ်မှာ ပါ…”

“ဘဲကြီးက ဒိုင်ကတော့ ရေလည်မြင့်တယ်နော်။…ဪ ဒါကြောင့် လည်း သူ ဒီလိုနေရာမျိုးမှာ ရောက်နေတာပဲ…မဆန်းပါဘူး”

“ဒါကတော့ကွာ…မင်းတို့ ငါတို့ လည်း သူ့လို စိတ်ဓာတ်မျိုးရှိပြီး… သူ့လို အခွင့်အရေးမျိုးယူတတ်ရင်…ဒီလိုဘဝမျိုးတော့ ပိုင်ဆိုင်ခွင့်ရမှာ ပဲ…မင်းက ခရိုနီဖြစ်ချင်လို့ လား…”

“ဟား ဟား…မဖြစ်ချင်ပါဘူး ကိုဆိုင်ရာ…။ ကျွန်တော်က လူ မချမ်း သာချင်နေပါစေ။ စိတ်ချမ်းသာရင် တော်ပါပြီ…ကိုဆိုင့် ဘဝမျိုးလေးပဲ ကျွန်တော် အားကျတာ…”

“မင်းကတော့…ငါ့ကို စွန်လွှတ်ပြီပေါ့ကောင်။ ငါ့ဘဝများ ဘာအား

ကျစရာ ရှိလို့ လဲ…”

“ဟာ…ရှိတာပေ့ါဗျာ…မင်းသားတွေထက်တောင် ကိုဆိုင်က ရုပ်ဖြောင့်တယ်ဗျာ...ဆွဲဆောင်မှုရှိတယ်…စကားပြော အရမ်းကောင်းတယ်…ကောင်မလေးတွေ ရေရေလည်လည် ခိုက်ကြတယ်…။ ကိုဆိုင်က လူငယ်တွေရဲ့ Idol ပဲ ဥစ္စာ…ဒီအရွယ်နဲ့ …တော်ရုံလူမလုပ်နိုင်တဲ့ လုပ်ငန်းတစ်ခုကို …စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး လုပ်နေနိုင်တာလေ… အဲဒါကို အားကျတာပေ့ါ…။ တကယ်ပြောတာ…ကျွန်တော် ဦးနေသန် ဘယ်လောက်ချမ်းသာလဲ…ဘယ်လောက် အောင်မြင်သလဲ …ကြီးကျယ်ခမ်းနားသလဲ ဆိုတာကို သိပ်စိတ်မဝင်စားဘူး…။ ကိုဆိုင် အခုလုပ်နေတဲ့ မိဘမဲ့ကလေးလေးတွေကို ရှာဖွေပြီး ပြုစုပျိုးထောင်ပေးနေတဲ့ … မော်ဘီခြံထဲက...‘ရွှေလိုလူ’ ဂေဟာကလေးကို ပိုပြီး စိတ်ဝင်စားတယ်…”

“တော်ပါတော့ကွာ…မင်းပြောမှ ပဲ…ငါတောင် ငါ့ကိုယ်ငါ ဘဝမြင့်ချင်လာတယ်…။ ဒါက...ငါ့လိုဘဝမျိုးနဲ့ ရင်ဆိုင်ဖူးတဲ့ သူတိုင်း ဒီလိုစိတ်ဓာတ်မျိုး အလိုလို နိုးကြားရှင်သန်လာမှာ ပဲ ကိုယ့်လူ…။ လူဆိုတာမျိုးက ကိုယ်တကယ် ထိတွေ့ခံစားဖူးမှ … ကိုယ်ချင်းစာနာစိတ်က ရင်ထဲမှာ အမြစ်တွယ်လာတာ။ ဒီစိတ်နဲ့ ပဲ… ဒီလိုအလုပ်မျိုးလုပ်ဖို့ တွန်းအားတစ်ခု ပေါ်လာတာ…။ အရေးကြီးတာက လုပ်ချင်စိတ်နဲ့ လုပ်ဖြစ်အောင်လုပ်ဖို့ ပဲ ကွ…”

စကားတပြောပြောနှင့် ...ကားပေ့ါ(ခ်)သို့ သူတို့ ရောက်ချိန်မှာ ကားအနီရဲတစ်စင်း ဝေါခနဲ ဖြတ်မောင်းသွားတာကို သူ့မျက်လုံးတွေက…မနေနိုင်မထိုင်နိုင် လိုက်ကြည့်မိလိုက်သေးသည် …။ ဦးနေသန်ရဲ့ ကား...။ သူတို့ ရှိရာဆီကို တစ်ချက်လှမ်းကြည့်ကာ လက်ပြသွားခဲ့သည် …။ သူ

ပြန်ပြီး လက်မပြမိ…။ နှုတ်ခမ်းကိုတော့ တင်းခနဲ စေ့ပိတ်လိုက်မိပါသည် ။

“ကိုယ့်အတွက်တော့ အောင်မြင်မှုဆိုတာ…ရှုံးနိမ့်မှုကို တန်ပြန်ထိုးစစ်ဆင်ပြီး ပြန်လည်ရယူရတဲ့ …ကိုယ့်ရဲ့ ဂုဏ်သိက္ခာပဲ…” တဲ့ လား ဦးနေသန်ရယ်…။ အခုလို ထိပ်ဆုံးနေရာ တစ်နေရာရောက်ဖို့ …ရှုံးနိမ့်ခဲ့တဲ့ ဘဝအခြေအနေတစ်ခုကို ပြတ်ပြတ်သားသား စွန့်ပစ်ထွက်ခွာပြီး… ဘဝသစ်တစ်ခု အရေခွံလဲပစ်ခဲ့ခြင်းဟာ….ဦးရဲ့ အောင်မြင်မှုပေါ့…ဂုဏ်သိက္ခာပေါ့…ဟုတ်လား။ အဲဒီလိုလား ဦး…။ ဒါဆိုရင် ဦး စွန့်ပစ်ခဲ့တဲ့ ဘဝတွေအတွက်…ဦး ဘယ်တော့မှ နောင်တမရခဲ့…မတမ်းတခဲ့ဘူးပေါ့။ အဲဒီဘဝတွေဟာ…ဦး ရဲ့ ရှုံးနိမ့်မှုရဲ့ သင်္ကေတပေါ့…။ ဒါပေမယ့် ဦး သတိမထားခဲ့တစ်ခုက…အဲဒီ စွန့်ပစ်အမှိုက်တွေမှာ လည်း … တန်ဖိုးတစ်ခု ရှိနေတတ်ပါတယ်…ဆိုတာကိုလေ…။ ဦးဘယ်လောက်တစ်ကိုယ်ကောင်းဆန်ခဲ့သလဲ…။ ဦး တစ်ချက်ကလေးမှ ပြန်လှည့်မကြည့်ခဲ့တဲ့ … ဦးက ရှုံးနိမ့်မှုလို့ သတ်မှတ်ခဲ့တဲ့ …အဲဒီဘဝတစ်ခုမှာ …ဂုဏ်သိက္ခာဆိုတာ ရှိပါသေးတယ်…တန်ဖိုးဆိုတာ ရှိပါသေးတယ်…။ အဲဒီတန်ဖိုးကို တစ်နေ့နေ့မှာ … ဦး မျက်လုံးပင့်ရတဲ့ အထိ…အသိအမှတ်ပြုပေးရလိမ့်မယ်…သိလား ဦး…။ ဟုတ်ပါတယ် ဦး…ကျွန်တော်ဟာ …ဦး မသိသေးတဲ့ … ရဲရင့်ရင်ဆိုင်ပါ ခင်ဗျာ…။

*